(ミャンマー語版)

# လူတိုင်းအတွက် လူမှုရေး အာမခံ

## လူမှုရေးအာမခံ အစပြုဖို့အတွက် တိကျတဲ့အရာက ဘာလဲ။

◆ <u>အန္တရာယ်ဆိုတာတွေဟာ</u> သင်အသက်ရှင်နေသမျှ ကာလပတ်လုံး <u>ဖြစ်ပေါ်နေမှာပါပဲ။</u>

ဖျားနာခြင်း   ထိခိုက်ခြင်း  အိုမင်းခြင်း  မသန်စွမ်းခြင်း

◆ <u>တစ်ဦးတစ်ယောက်ချင်းစီအတွက်</u> အန္တရာယ်ကို <u>ကြိုတင်ခန့်မှန်းဖို့က အလွန်ခက်ခဲပါတယ်။</u> လူတွေဟာ သူတို့တွေ ဘယ်အချိန်မှာ နာမကျန်းဖြစ်မယ်၊ ဒါမှမဟုတ် ထိခိုက်မှုဖြစ်မယ်၊ ဘယ်အရွယ်ထိ အသက်ရှည်မယ်၊ ဒါမှမဟုတ် ဘယ်အချိန်မှာ မသန်စွမ်းတဲ့ဒုက္ခ ခံစားရမယ်ဆိုတာကို ဘယ်သူမှ အတိအကျ မသိကြပါဘူး။

◆ ထို့ပြင် ကြိုတင်ခန့်မှန်းဖို့ မဖြစ်နိုင်တဲ့ အချို့သော လူမှုရေးနဲ့ စီးပွားရေး အခြေအနေတွေ ရှိပါတယ်။ လူ တစ်ဦး တစ်ယောက်ချင်းစီအတွက် အဲဒါတွေကို ကြိုတင်ခန့်မှန်းဖို့ အကန့်အသတ်တစ်ခုရှိနေပြီး **လူမှုရေး အာမခံ** ဟာ <u>လူ့အသိုက်အဝန်းတစ်ခုအဖြစ် တစ်ဦးနဲ့တစ်ဦး ထောက်ပံ့ရေး နဲ့ ကူညီရေး အတွက် ဖွဲ့စည်းထားတဲ့ စီမံချက်တစ်ခု ဖြစ်ပါတယ်။</u>

## အများပြည်သူ ကျန်းမာရေး အာမခံ နှင့် ပင်စင် အာမခံ

◆ <u>အာမခံ ဖြန့်ဝေမှုများကို</u> လူမှုရေး အာမခံစနစ်မှတစ်ဆင့် ပေးသွင်းခြင်းအားဖြင့် <u>သင့်တွင် မမျှော်လင့်ထားသော အခက်အခဲများ အမှန်တကယ် ရှိနေပါက အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။</u>

◆ ဥပမာ-

- သင့်အနေဖြင့် နာမကျန်းဖြစ်ခြင်း သို့မဟုတ် ထိခိုက်ခြင်း ဖြစ်သည့်အခါ **ကျန်းမာရေး အာမခံ** အနေဖြင့် <u>မည်သည့် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတွင်မဆို အနိမ့်ဆုံးသော အခကြေးငွေဖြင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်စေပါသည်။</u>
- သင့်အနေဖြင့် မသန်စွမ်းမှု တစ်ခု ကြုံတွေ့ရသည့်အခါ သို့မဟုတ် အသက်အရွယ်ကြီးလာပြီး တစ်ခုသော အရွယ်သို့ ရောက်ရှိသည့်အခါ **ပင်စင် အာမခံ** အနေဖြင့် သင့်အား ပင်စင် အကျိုးခံစားခွင့်များကို ပုံမှန်ရရှိစေမည်ဖြစ်ပါသည်။

လူမှုရေး အာမခံသည် ကမ္ဘာလုံးဆိုင်ရာ စနစ်တစ်ခုဖြစ်ပြီး ယေဘုယျ စည်းမျဉ်းတစ်ခုအနေဖြင့် **နိုင်ငံသားဖြစ်မှုကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ** ဂျပန်နိုင်ငံတွင် နေထိုင်သည့် <u>ဂျပန်လူမျိုး နှင့် ဂျပန်လူမျိုးမဟုတ်သူများ နှစ်မျိုးစလုံး</u>အနေဖြင့် ၎င်းစနစ်တွင် ဝင်ရောက် စာရင်းပေးသွင်းနိုင်ပါသည်။

ひと、くらし、みらいのために
厚生労働省
Ministry of Health , Labour and Welfare

日本年金機構
Japan Pension Service